# ရောက်တတ်ရာရာ ခဏတာ




ထူးထူးဆန်းဆန်း၊ ခုမနက်မှာပဲ မြန်မာပြည်ကနေ ကိုယ့်ဆီကို ဖုန်းနှစ်ခါခေါ်တယ်။ အမေရိကမှာ နေထိုင်တဲ့ ဆယ်နှစ်ကျော်အတွင်း မြန်မာပြည်ကနေ ကိုယ့်ဆီကို ဖုန်းခေါ်တယ်ဆိုတာက လုံးဝမရှိသလောက်။ မှတ်မိသလောက်တော့ တစ်ခါမှကို မရှိခဲ့ဖူးဘူးထင်ပါတယ်။ ဒါကြောင့် ခုလို တမနက်ထဲမှာပဲ နှစ်ခါတောင်ခေါ်တယ်ဆိုတော့ ဆန်းနေတာပေါ့။ပထမတတစ်ခါခေါ်တာက ရန်ကုန်မှာနေတဲ့ ကိုယ့်အမေ့မောင် ဦးဇင်းဆီက။ သူကတော့ ခုမြို့ထဲက အင်တာနက်ဆိုင်ကနေ ခေါ်နေတာ။ ညပိုင်းရောက်လျှင် ဖုန်းပြန်ခေါ်ပါဦးဆိုပြီး ဖုန်းချသွားလေရဲ့။ မဆက်စဖူး အဆက်ထူးတော့ တစ်ခုခုတော့ ထူးပြီထင်ရဲ့လို့ အောင့်မေ့လိုက်ပါတယ်။

နောက်တစ်ခါခေါ်တာကတော့ ကိုယ့်မိတ်ဆွေတစ်ဦးဆီက။ သူကတော့ အညာက ခရိုင်မြို့တစ်မြို့မှာနေတယ်။ လမ်းပေါ်ရောက်နေတဲ့ကလေးတွေကို ခေါ်ယူကျွေးမွေးစောင့်ရှောက်ရေးလုပ်ငန်း။ HIV/ AIDS ရောဂါဝေဒနာသည်တွေကိုလည်း စောင့်ရှောက်။ ကျူရှင်မယူနိုင်တဲ့ ဟိုက်စကူးကျောင်းသားတွေကိုလည်း ကျူရှင်ယူနိုင်အောင် နီးစပ်ရာ လုပ်အားပေးဆရာတွေရှာဖွေပြီး စာသင်ပေးနိုင်အောင်ကြိုးပမ်း၊ ကျောင်းထဲမှာလည်း စာကြည့်တိုက်လေးဖွင့်ထားတယ်ဆိုတဲ့အကြောင်း သူ့ဆီကနေ ဝမ်းသာဝမ်းနည်းကြားရ။

ဝမ်းသာတယ်ဆိုတာက ကိုယ့်မိတ်ဆွေတစ်ယောက် အများအကျိုးပြုလုပ်ငန်းတွေကို လုပ်နေတယ်ဆိုတာကို သိရတဲ့အတွက်။ ဝမ်းနည်းမိတယ်ဆိုတာက လမ်းပေါ်ရောက်ကလေးတွေဆိုတာရယ်၊ HIV/ AIDS ရောဂါဝေဒနာရှင်တွေဆိုတာရယ်နဲ့ ကျူရှင်မယူနိုင်တဲ့ ဆင်းရဲနွမ်းပါးသူတွေဆိုတဲ့ သူ့စကားကို ကြားမိတာကြောင့်ပါ။ ခဏတာရလာတဲ့ အခိုက်လေးမှာ ဘဝ မလှမပ ဖြစ်ကြတဲ့သူတို့အဖြစ်က ရင်နာသနားစရာ။ ကြင်နာတတ်တဲ့ နှလုံးသားရှိသူတွေက စာနာစွာ ဖေးမကူညီပါမှ သူတို့ဘဝက အနည်းငယ် သက်သာရာ ရနိုင်ကြမှာ။

ကိုယ့်မိတ်ဆွေက စာရေးစာဖတ် ဝါသနာထုံသူ။ စာပေအရေးအသားကလည်း အကောင်း။ အေးအေးဆေးဆေးနဲ့ အလိုနည်းစွာသာ ဘဝကိုဖြတ်သန်းချင်တဲ့သူတစ်ဦး။ နောက်ပြီးလည်း သူကရဟန်းတော်တစ်ပါး။ ရဟန်းတွေဆိုတာ စာသင်စာချ၊ ဒါမှ မဟုတ်လည်း တရားဟောတရာပြ၊ သမဏတို့ရဲ့ လုပ်ငန်းစဉ်များကို အဓိက စောက်ချလုပ်နေရမှာ။ အပူတွေကနေ ဝေးစွာ အေးအေးဆေးဆေး နေနေရမှာပါ။ သို့ပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ မြင်ရတွေ့ရတဲ့ အဆင်မပြေမှုတွေ၊ ဒုက္ခပေါင်းစုံတွေက လူသားစိတ်ဓာတ်အပြည့်ရှိတဲ့ ကိုယ့်မိတ်ဆွေကိုလည်း

ကျောင်းထဲမှာ အေးအေးဆေးဆေး စာရေးစာချ အလုပ်ကိုသာ လုပ်မနေနိုင်အားရှာပဲ ခုလို ခေါင်းမအေးတဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားနေရတယ်ထင်ပါရဲ့။

သူနေထိုင်ရာမြို့မှာ ခုလိုဝေဒနာသည်တွေကို ပြုစုစောင့်ရှောက်ပေးနေတဲ့ နေရာတစ်ခုရှိတယ်ဆိုတာ ကြားဖူးပေမယ့် သူမှန်းမသိဘူး။ အဲဒီပြုစုစောင့်ရှောက်ပေးနေသူဆိုတာ သူပဲလို့ သိလိုက်ရတော့ သူ့အတွက် လေးစားဂုဏ်ယူမိပါတယ်။ အကျိုးအကြောင်းမေးကြည့်တော့ မပြည့်မစုံကြားကပဲ စေတနာအပြည့်ထားပြီး တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ပေးနေပါတယ်ကိုလည်း သိရပါတယ်။ အသပြာ မများပေမယ့် သူ့ရဲ့အကြင်နာနဲ့ စေတနာအားတွေကပဲ ခုကိုးရာမဲ့တွေအတွက် နားခိုရာဂေဟာလည်းဖြစ်မှာပဲလို့ ထင်မိပါရဲ့။

စာကြည့်တိုက်အတွက် စာအုပ်တွေကို ဘယ်လိုစုဆောင်းသလဲလို့မေးကြည့်တော့ ဟိုကဒီကလှူဒါန်းကြတဲ့ စာအုပ်အဟောင်းလေးတွေကိုပဲ အဓိကထားရပါတယ်။ လစဉ်အသစ်ပုံမှန်ဝယ်တင်ဖို့ကတော့ အခက်အခဲရှိပါတယ်လို့ ဆိုပါတယ်။ သူ့စာကြည့်တိုက်လေးအတွက် စာအုပ်စာတန်းတွေ ပို့ပေးချင်စိတ် အရမ်းဖြစ်မိပါတယ်။ ဒါကြောင့် သူ့ကိုလည်း ရန်ကုန်စာအုပ်တိုက်တွေကနေတဆင့် လစဉ်ပို့ပေးနိုင်အောင် စီစဉ်ပေးမယ်လို့ ကတိပေးလိုက်တယ်။ ကိုယ်ငယ်ငယ်ကအတိုင်း တစ်အုပ်တည်းသာရှိတဲ့ မင်းဘူးဦးဩဘာသရဲ့ မဟောသဓာဇာတ်ဝတ္ထု စာတစ်အုပ်ကို အကြိမ်များစွာ အထပ်ထပ်ဖတ်နေရတာမျိုးလို အခြားသူတွေကို မဖြစ်စေချင်ပါဘူး။

မိတ်ဆွေက စနစ်ဗလချာက ခေတ်ကို မသထာဘူး။ ကွန်ပြူတာကို ကွန်ပစ်တာနဲ့ မှားနေတဲ့မြို့။ အကျွန်က အဲဒီမြို့သား-လို့ သူကပြောတယ်။ အဲဒီ ဝန်းကျင်မှာနေထိုင်နေရတာမို့ သူနေထိုင်ရာမြို့မှာ အင်တာနက်မရှိလို့ မိတ်ဆွေကြီး(ကိုယ့်ကိုယ်ပြောတာ)ရဲ့ စာတွေကို တခါခါမှသာ သူ့တပည့်လေးတစ်ဦးက ပရင့်ထုတ်ပြီး ယူလာပေးလို့ ဖတ်ရပါတယ်တဲ့။ ခုလည်း အင်တာနက်ရှိရာအရပ်ကို ခဏရောက်နေလို့ ခုလိုဆက်သွယ်နိုင်တာတဲ့။ လွမ်းချင့်ဖွယ်ရာ ကိုယ့်ပြည်ရွာရဲ့ ခေတ်မီတိုးတက်တဲ့အကြောင်း ဥဒါန်းကျူးရင့်ကြတဲ့ အသံများကိုတော့ မိတ်ဆွေရဲ့ စကားတစ်ခွန်းနဲ့ကိုပဲ အပြည့်အဝ ခန့်မှန်းနားလည်မိလိုက်ပါတယ်။ ကိုယ့်ပြည်ကိုယ့်ရွာ ကိုယ့်အိမ်ယာက ခုလိုပဲ သာသာယာယာပါလေ။

ညနေပိုင်းရောက်တော့ ကိုယ့်ဦးလေး (အမေ့မောင်) ဆီကို ဖုန်းဆက်ဖြစ်တယ်။ ရွာက ကိုယ့်ညီအရင်းတစ်ယောက် ဆုံးတယ်ဆိုတဲ့သတင်းကို သူ့ဆီကနေ ကြားရပါတယ်။ လွန်ခဲ့တဲ့နှစ်လလောက်ကတည်းက ဆေးရုံတက်နေရတယ်ဆိုတာကိုတော့ သိရပြီးသား။ ဆေးရုံပေါ်မှာ တစ်လခွဲလောက်ကြာကြာတက်ပြီး သက်သာတယ်လို့ဆိုကာ ပြန်ဆင်းလာပြီး နောက်တစ်ခေါက် ဆေးရုံပြန်အတက်မှာတော့ နောက်ဆုံးအခြေအနေဆိုတာသိရလို့ ရွာကိုပြန်ခေါ်လာပြီးတဲ့နောင် ဆုံးသွားတယ်လို့ ဆိုပါတယ်။ သူဖုန်းဆက်တော့ ညီတော်မောင်ရဲ့ ငါးရက်လည် ဆွမ်းကျွေးလုပ်တဲ့နေ့တဲ့။ ရွာမှာ အလှူမင်္ဂလာပွဲတွေ ပြုလုပ်ကြတဲ့ရာသီမို့ ရက်မတိုက်အောင် ခုလို ရက်စောပြီး ပြုလုပ်ဟန်ရှိပါတယ်လို့ ဆိုပါတယ်။ ငါးရက်ပဲလည်လည်၊ ခြောက်ရက်ပဲလည်လည် ဒါကပြဿနာမှ မဟုတ်တာ။ ကွယ်လွန်သူရည်စူးကာ ကျန်ရစ်သူတွေအနေနဲ့ တတ်အားသမျှ ကုသိုလ်ကောင်းမှုပြုလုပ်ပြီး အမျှအတန်း

ပေးဝေကြဖို့ပဲ မဟုတ်လား။ တတ်နိုင်တာက ဒါပဲလေ။ သေသူကိုယ်တိုင် မသေမီမှာ ကိုယ့်အတွက် စိတ်ချရမည့် လုပ်ငန်းမျိုးကို လုပ်သွားနိုင်ဖို့က အဓိကပါပဲ။

ဒီအချိန်မှာ အရေးကြီးတာက ကျန်ရစ်သူ သားသမီးတွေအတွက်ပဲလို့ ထင်မိပါတယ်။ ကိုယ့်ညီတော်မောင်မှာ သားသမီးဘယ်နှစ်ယောက် ကျန်ရစ်တယ်ဆိုတာကိုတော့ တိတိကျကျ မသိပါဘူး။ ၃ ယောက်လား။ လေးယောက်လား မသိဘူးလို့ ကိုယ့်ဦးလေးက ဆိုပါတယ်။ အကြီးဆုံးတစ်ယောက်က ဆယ်တန်းကျောင်းသူ ဆိုတာကိုတော့ သိတယ်။ အငယ်တွေက ဘယ်နှစ်ယောက်ရှိလို့ ဘယ်အရွယ်တွေလည်းဆိုတာကိုတော့ မသိပါဘူး။ အားလုံးက လူလားမမြောက် အရွယ်မရောက်သေးသူတွေပဲဖြစ်မှာ။ မြေးတွေအပေါ် သံယောဇဉ်ပိုတဲ့ အဖိုးအဖွားတွေအတွက်တော့ ဖခင်မဲ့သွားတဲ့ မြေးတွေအတွက် ရေးကထက်ပိုလို့ အပူတက်စရာ ဖြစ်ပေဦးတော့မယ်လို့ တွေးမိပါတယ်။ ကိုယ့်အလှည့်မရောက်လာခင်မှာ တွယ်တာစရာ နှောင်ကြိုးတွေကို ဖြေလျော့နိုင်သူများ ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပ။

တကယ်ဆိုတော့ ကိုယ့်အောက်အငယ်ဆိုတော့ သူ့အသက်က လူ့သက်တမ်းနဲ့ကြည့်မယ်ဆိုလျင်တော့လည်း ငယ်သေးတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် ဘဝအတွက် ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ နှစ်တွေပြန်ကြည့်မယ်ဆိုလျင်တော့လည်း မနည်းလှဘူး။ ငယ်ငယ်ကစလို့ နွားကျောင်း၊ လယ်ထဲဆင်း၊ အလုပ်တွေကို တလစပ် လုပ်ခဲ့ရတာ။ လူ့ဘဝရဲ့ သုခချမ်းသာဆိုတာက ပြန်ကြည့်လျင် လုံးဝမရှိသလောက်။ ပင်ပမ်းမှုဒဏ်ချက်တွေက လူ့အသက်ကို ပိုမိုတိုစေတာဖြစ်မယ်လို့လည်း ထင်မိပါတယ်။

ဝမ်းပြည့်ရုံ ဖြည့်တင်းနိုင်ဖို့ လှုပ်ရှားရုန်းကန်နေရတော့ အစာအဟာရကစလို့ အားဖြစ်ဖွယ်ရှုထောင့်၊ ကျန်းမာရေးရှုထောင့်က ကြည့်ပြီးစားသောက်တယ်ဆိုတာကလည်း ရှိတာမှ မဟုတ်တာ။ ကျန်းမာရေးဆိုတာကလည်း မဖြစ်လှလို့ နောက်ဆုံး မတတ်သာကာမှသာ ဆေးရုံဆေးခန်းသွားတတ်ကြတာ။ ကြိုတင်ဆေးစစ်၊ ဆေးစားဆိုတာမျိုးက အခြေခံလူတန်းစားတွေအဖို့မှာက အပိုငွေဖြုန်းတီးမှုတစ်ခုလို့သာ ထင်တတ်ကြတာလေ။ နောက်ပြီး သူတို့မှာ အဲဒီလို တင်ကြိုစမ်းသပ်ဖို့လိုတယ်ဆိုတဲ့ အသိတရားမျိုးလည်း မရှိတတ်ကြပါဘူး။ ရှိခဲ့မယ်ဆိုလျင်လည်း မသေရုံ မငတ်ရုံစားသောက်နေရတဲ့ဘဝမှာ ဘယ်မှာလာလို့ ဒါတွေအတွက်သုံးဖို့ အပိုငွေဆိုတာလည်း ရှိနိုင်ပါ့မလဲ။

မနုဿတ္တဘာဝေါ ဒုလ္လဘော- လူသားအဖြစ်ဟာ ရခဲတယ်လို့ ဆိုပါတယ်။ အချို့လူသားတွေအဖို့တော့ လူသားဖြစ်ရုံမျှ လူဖြစ်လာကြရ။ လူသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ပိုင်ဆိုင်မှုမျိုးကိုလည်း ပိုင်ဆိုင်ခွင့်မရှိ၊ လူသားတစ်ဦး သိသင့်သိထိုက်တဲ့ အသိတရားမျိုးကိုလည်း မသိနိုင်ကြရှာပဲ လူ့ဘဝထဲကနေ ပြန်ထွက်ခွါသွားရ။ ဘဝတစ်ခုရဲ့ စလယ်ဆုံးမှာ ဒုက္ခနဲ့ချည်းသာ နပမ်းလုံးနေကြရတာ။သူတို့အဖို့က ဘဝသုခဆိုတာ ရှားပါးတဲ့အရာ။ လောကကောင်းကျိုး လူသားကောင်းကျိုးကိုလည်း မလုပ်နိုင်။ ကိုယ့်အကျိုးအတွက်တောင်မှ ကိုယ်ထိထိရောက်ရောက် မလုပ်နိုင်ပဲ ဘဝတစ်ခု ကုန်ဆုံးသွားကြရ။

ကိုယ့်ညီမှာတော့ သူ့အတွက်၊ သူ့မိသားစုအတွက်၊ သူနေထိုင်သွားရာ ကမ္ဘာလောကကြီးအတွက် ဘာတွေများ လုပ်ပေးသွားနိုင်ခဲ့ပါလိမ့်။ အများကောင်းကျိုးအတွက် မဆောင်ရွက်နိုင်ခဲ့လျှင်တောင် သူ့သံသရာခရီး ကောင်း ရေးအတွက်တော့ သူတတ်နိုင်သမျှ လုပ်သွားနိုင်တန်ကောင်းပါရဲ့လို့ မျှော်လင့်မိပါရဲ့။

ဘဝတစ်ခုမှာ ညီအကိုအဖြစ် လာရောက်ဆုံတွေ့ကြရ။ ဆယ်စုနှစ် တစ်ခုကျော်ကျော်မျှ မိဘရင်ခွင်အောက်မှာ အတူဆော့ကစား သွားလာနေထိုင်ခဲ့ရ။ သံသရာတစ်ကွေ့မှာ အမှတ်မထင် လာရောက်ဆုံတွေ့မှုတစ်ခုလည်းပဲ ဖြစ်ကောင်းဖြစ်မှာပါ။ နောင်သံသရာထဲမှာ ခုလိုပဲ ဆုံတွေ့ဖို့ဆိုတာက အလွန်မှကိုပဲ ဖြစ်တော့ဖြစ်ခဲ။ ကံတွေ မတူ၊ ဉာဏ်တွေမတူ၊ ဘဝပုံစံတွေ မတူညီကြတဲ့ လူသားတွေ။ ကံလေချွေလို့ ကြွေလိုရာကြွေ၊ လွင့်လိုရာလွင့် ကြရတဲ့သူတွေ။ သူကဘယ်မှာတင်၊ ကိုယ်က ဘယ်မှာနားရမယ်ဆိုတာကိုလည်း သိနိုင်ကြတာမျိုး မဟုတ်။

ဒါ ဘဝပဲလေ။ ဘဝဆိုတာ သူလည်း အလည်လာ၊ ကိုယ်လည်း အလည်သွား။ လမ်းခုလပ်မှာ ခဏတာမျှ အမှတ်မထင်ဆုံတွေ့လိုက်ကြရတဲ့ တကယ့်ကိုမှ ဧည့်သည်တွေ သက်သက်မျှသာ။ အချိန်တန်လျှင်တော့ အိမ် ကို ပြန်ကြရစမြဲ။ ဒါဆို ကိုယ်တို့ရဲ့ ထာဝရအိမ်က ဘယ်နေရာများမှာပါလဲ။ ဒါလည်း သိနိုင်တာမျိုး မဟုတ်။ ဒီတစ်ဘဝအတွက်ဆိုလျှင်တော့လည်း လက်ရှိဘဝရဲ့ အဖေအမေဆိုတာက ကိုယ်တို့ခေတ္တဝင်ရောက်လည်ပတ်၊ နားခိုရာ ယာယီအိမ်ဂေဟာပေါ့။ တကယ်တော့လည်း ဒီအိမ်ဂေဟာတွေသည်ပင်လျှင် ထာဝစဉ်တည်တန့်နိုင် တတ်တာမျိုးမှ မဟုတ်တာ။ အိမ်ရှင်ဆိုတာသည်ပင်လျှင် ခဏတာမျှ ဧည့်သည်တွေပါပဲလေ။

လာတုံးကလည်း တစ်ယောက်ထဲနော့

လက်တွဲခေါ်ကာ ဖော်မပါဘူး

ဥစ္စာချည်းနီး ကိုယ်လုံးတီး။

ပြန်သွားတော့လည်း

................

နေဝင်မိုးချုပ် လက်တွဲဖြုတ်ကာ

သုတ်သုတ်ဆောလျှင် ခရီးနှင်သည်

တို့လျှင် ဧည့်သည်တွေချည်းသာပါတကား- ဆိုတဲ့ ရဖူးတဲ့ ဧည့်သည်ကဗျာလေးက နှုတ်ဖျားရောက်လာတယ်။ ဟုတ်ပါတယ်လေ။ အားလုံးက ခဏတာ အလည်ရောက်လာတဲ့ ဧည့်သည်တွေချည်းသာပါလေ။ ။